
The Essence

mgyoe.com

# မောင်ဒိုးခ ရဲ့
# အလွဲကမ္ဘာ
# ဟာသများ



mgyoe.com

**မြန်လွန်းလို့ပါ**


လိပ်တစ်ကောင် လမ်းဖြတ်ကူးနေပါတယ်။ အဲဒီမှာ ခရုပက်ကျိ နှစ်ကောင်က လိပ်ကိုဝင်ရိုက်ပြီး ပစ္စည်း လုသွားပါတယ်။ ခဏ နေတော့ ရဲတွေရောက်လာပါတယ်။ မေးကြ မြန်းကြတာပေါ့။ အဖြစ်အပျက်ကို သေသေချာချာသိမှ တရားခံတွေကို ဖမ်းလို့ ရမှာကိုး။

ရဲအရာရှိ။ ။ ဟုတ်ကဲ့. . . ကိုရွှေလိပ် ဘယ်လိုတွေ ဖြစ်ကြ ပျက်ကြသတုံး။ နည်းနည်းလောက် ရှင်းပြပါဦး။

လိပ်။ ။ ဟုတ်ကဲ့ ရဲအရာရှိမင်းရယ်. . . ဖြစ်တာပျက်တာက သိပ်မြန်တော့ ကျွန်တော်လည်း ဘယ်လိုတွေ ဖြစ်ကုန်တယ် ဆိုတာ ကောင်းကောင်း မမှတ်မိတော့ပါဘူးခင်ဗျာ။

**စိတ်ချရသူ**

ကိုကြွက်မှာ နှမလေးတစ်ယောက်ရှိပါတယ်။ အဲဒီနှမလေး ဟိုဟိုဒီဒီ သွားစရာဘာညာရှိရင် ကိုကြွက်မိဘတွေက သူတို့ သမီးရဲ့ကျောင်းက စစ်တုရင်ချန်ပီယံနဲ့ဆို စိတ်ချပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပုဂ္ဂိုလ်က တစ်ခါလှုပ်ရှားဖို့ (စစ်တုရင်ရွှေ့ဖို့) အချိန် သုံးနာရီလောက် ယူတတ်လို့ဖြစ်ပါတယ်။



E00005
900.00 KS

mgyoe.com

mgyoe.com


| | | |
|---|---|---|
| မျက်နှာဖုံး | • | အမ်အက်စ်အို |
| ထုတ်ဝေသူ | • | ဦးစန်းဦး(မြ-၀၃၈၂၃)၊ |
| | • | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်းတာမွေ၊ |
| ပုံနှိပ်သူ | • | ဒေါ်ဝင်းမာ(မြ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | • | ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |
| စာအုပ်ချုပ် | • | ဦးမြင့်၊ ညီဝင်းမြင့် |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၁၈၊ ဇွန်လ

မောင်ဒိုးခ

အလွဲကမ္ဘာဟာသများ။ – ရန်ကုန်။

စာမျက်နှာ ၁၃၃ မျက်နှာ၊

၁၀ .၅ စင်တီ× ၁၆ .၅ စင်တီ

(၁) အလွဲကမ္ဘာဟာသများ


mgyoe.com

mgyoe.com

# မောင်ဒိုးခ

# အလွဲကမ္ဘာဟာသများ

တန်ဖိုး – ၉၀၀ ကျပ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


# ခုမှပဲ စိတ်ချမ်းသာသွားတော့တယ်

အမျိုးသမီးဆောင်း ဦးထုပ်တွေချည်းပဲ ရောင်းတဲ့ဆိုင်ထဲကို အဒေါ်ကြီးတစ်ယောက် ဝင်လာပါတယ်။ ပြီးတော့ မှန်ပြတင်းနောက်မှာ ပြထားတဲ့ ဦးထုပ်တစ်လုံးကို ညွှန်ပြပါတယ်။

အရောင်းစာရေး ။ ။ ဟုတ်ကဲ့… အဒေါ်ခင်ဗျား ဘာလုပ်ပေးရပါမလဲ။

အဒေါ်ကြီး ။ ။ ဟဲ့… သူငယ် အဲဒီ အနီရောင်ဦးထုပ်၊ ငှက်မွေးတွေနဲ့ အသီးတွေဘေးမှာကွယ်တာလေ။ အေး… အေး…

အရောင်းစာရေး ။ ။ ဟုတ်ကဲ့… အဲဒီဦးထုပ်ကို

mgyoe.com

ဘာလုပ်ပေးရမလဲခင်ဗျာ။

အဒေါ်ကြီး ။ ။ အေး... အဲဒီဦးထုပ်ကို အဲဒီ နေရာကယူလာပြီး ငါ့ကို လာပြစမ်း။

အရောင်းစာရေး။ ။ ဟုတ်ကဲ့ခင်ဗျာ... ဟောဒီမှာ ကျွန်တော် ယူလာပါပြီ။

အဒေါ်ကြီး ။ ။ (ဆိုင်တံခါးမှ ထွက်ဟန်ပြင်ရင်း) အေး... အေး ငါ ဒီဆိုင်ရှေ့က ဖြတ်တိုင်း အဲဒီဦးထုပ်မြင်ရင် စိတ်မချမ်းမသာဖြစ်နေတာ။ ခုမှပဲ စိတ်ချမ်းသာသွားတော့တယ်ကွယ်။

❖

mgyoe.com

mgyoe.com



## လျော်ပါမယ်

ကမ္ဘာ့ထိပ်တန်း လေယာဉ်ကုမ္ပဏီကြီးတစ်ခုဟာ သူတို့ တာဝန်ယူပို့ပေးရမယ့် ဝက်အူချောင်းနှစ်ပိသာ ပျောက်ဆုံးသွားတဲ့အတွက် သက်ဆိုင်သူတွေကို လျော်ပေးပါ့မယ်လို့ ကတိပေးခဲ့ရပါတယ်။ မှန်ပါတယ်။ အဲဒီဝက်အူချောင်းနှစ်ပိသာကို ခိုးယူခဲ့တာက သူတို့ လေယာဉ်ကုမ္ပဏီရဲ့ လုံခြုံရေးဘက်ဆိုင်ရာ အမှုထမ်းတစ်ဦးပါ။ သူ့နာမည်က ဂျာမန်သိုးထိန်းခွေးပါတဲ့။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## ကြည့်မှာပဲ

အမျိုးသမီးတစ်ဦးက သူမ၏ အိမ်နီးချင်းသို့ ပြောကြားချက်။

အမျိုးသမီး ။ ။ ဘောလုံးတစ်လုံးကို ယောကျ်ား နှစ်ယောက်ကသာ လုနေပါစေ၊ အဲဒါကို ရုပ်မြင်သံကြားမှာသာ ပြ။ ကျွန်မယောကျ်ားကတော့ မလွှတ်တမ်းကြည့်မှာပဲ။

❖

mgyoe.com

## အဆင်ပြေအောင်လို့ပါ

ဟိုနိုလူလူမှာရှိတဲ့ ဘဏ်တိုက်တစ်ခုဟာ ဘယ်သန်တွေအတွက် အဆင်ပြေအောင် စီစဉ်ထားပေးပါတယ်။ တခြားတော့မဟုတ်ပါ။ ချက်လက်မှတ်စာအုပ်ရဲ့ညာဘက်မှာ ဖြတ်ပိုင်းစာရွက်ကို ထားပေးခြင်းပါပဲ။

❖

mgyoe.com

mgyoe.com



# စောင့်နေမယ်

အသက် ၉၀ ကျော်ပြီဖြစ်တဲ့ သူငယ်ချင်းနှစ်ဦး ရှိပါတယ်။ သိပ်ခင်ကြတာပါ။ တစ်ယောက်နဲ့ တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပါ။ ဦးကြွက်နဲ့ ဦးသိန်းဖြစ်ပါတယ်။ တစ်နေ့မှာ ဦးကြွက် အသည်းအသန်ဖြစ်ပါတယ်။ အသက် ၉၀ ကျော် အသည်းအသန်ဖြစ်မှတော့ သိပ်မကြာတော့ဘူးပေါ့။ ဒါ့ကြောင့် ဦးသိန်းက ဦးကြွက် ခုတင်ဘေးသွားပြီး အားပေးပါတယ်။ နေ့တိုင်းပဲဆိုပါတော့... တစ်ရက်မှာ ဦးသိန်းက ဦးကြွက်ကို ခုလိုပြောပါတယ်။

သိန်း ။ ။ ကိုကြွက်ရေ... ခင်ဗျားနဲ့ ကျွန်တော်က ဘောလုံးသိပ်ဝါသနာပါတာနော်။ တွဲကစားကြတာ

mgyoe.com

mgyoe.com





လည်း နှစ်အကြာကြီး။ အဲဒီတော့ တစ်ခု ခင်ဗျားကို မှာချင်တယ်ဗျာ။ တကယ်လို့ ခင်ဗျား ကွယ်လွန်သွားပြီး ကောင်းရာမွန်ရာဘုံကို ရောက်သွားပြီဆိုပါတော့။ အဲဟိုမှာ ဘောလုံးအသင်းတွေ ဘာတွေ ရှိလား။ ဘောလုံးကစားကြလား။ ကျွန်တော့်ကို တစ်နည်းနည်းနဲ့ အသိပေးစမ်းပါဗျာ... လို့ ပြောလိုက်သတဲ့။

ဦးကြွက်ကလည်း သေအံ့မူးမူးဖြစ်နတဲ့ကြားထဲကပဲ သူ့သူငယ်ချင်းကို "စိတ်သာချ၊ တစ်နည်းနည်းနဲ့ အကြောင်းကြားပေးမယ်" လို့ အာမခံလိုက်သတဲ့။ အာ

mgyoe.com

mgyoe.com


မခံလိုက်ပြီး သိပ်မကြာခင်မှာ ဦးကြွက် ကွယ်လွန်သွားရှာပါတယ်။ ဦးသိန်းလည်း စိတ်မကောင်းဘူးပေါ့လေ။ ဒါပေမဲ့ စိတ်မကောင်းတဲ့ကြားထဲက တစ်ခု စိတ်အေးရတာက သူ့သူငယ်ချင်း ဦးကြွက်ဟာ ရိုးသားဖြောင့်မတ်ပြီး ဘာသာရေးလည်း ကိုင်းရှိုင်းသူဖြစ်လို့ ကောင်းရာမွန်ရာရောက်ဖို့ သေချာတာပါပဲတဲ့။ သူ စိတ်အေးရတဲ့အတိုင်း ဦးကြွက်ဟာ ကောင်းရာမွန်ရာဘုံကို ရောက်သွားပါတယ်။ အဲဒီလိုရောက်ပြီး သိပ်မကြာခင်မှာ ကတိပေးထားတဲ့အတိုင်း သူ့သူငယ်ချင်း ဦးသိန်းကို တစ်ညမှာ အိပ်မက်ထဲမှာ လာသတိပေးပါသတဲ့။

ဦးကြွက် ။ ။ ကိုသိန်းရေ... ကျုပ်ပါဗျ။

ဦးသိန်း ။ ။ ဟာ... ကိုကြွက်ရေ... ဝမ်းသာလိုက်တာဗျာ။ ခင်ဗျား ကောင်းရာမွန်ရာကို ရောက်တယ်နော်။

ဦးကြွက် ။ ။ ရောက်တာပေါ့ ကိုသိန်းရာ...

ဦးသိန်း ။ ။ ဝမ်းသာလိုက်တာ ကိုကြွက်ရေ... ဝမ်းသာလိုက်တာ တကယ့်ကိုပါပဲ။ ဒါနဲ့...

ဦးကြွက် ။ ။ (လက်ကာပြရင်း) မပူနဲ့ ကိုသိန်း၊ မပူနဲ့။ ခင်ဗျားမှာတာ ကျုပ် သေသေချာချာသတိရ

mgyoe.com

mgyoe.com


တယ်ဗျို့။ တစ်သင်းမဟုတ်ဘူး၊ လေးငါးသင်း။

ဦးသိန်း ။ ။ ဟာ ကောင်းလိုက်တာဗျာ။

ဦးကြွက် ။ ။ ဟုတ်တာပေါ့။ ဒါပေမဲ့ ခင်ဗျား အတွက် သတင်းကောင်းရော၊ သတင်းဆိုးပါ ကျုပ်ဆီမှာ ရှိနေတယ်ဗျာ။

ဦးသိန်း ။ ။ အမယ် အမယ်... လုပ်စမ်းပါဦး။ သတင်းကောင်းကဘာ... သတင်းဆိုးကဘာ...

ဦးကြွက် ။ ။ သတင်းကောင်းက ဘောလုံးအသင်းရှိတာပေါ့ဗျာ။ ဆုံးသွားတဲ့ ကျွန်တော်တို့သူငယ်ချင်းတွေလည်း အဲဒီအသင်းတွေမှာလည်း ဝင်ကစားနေကြတယ်။

ဦးသိန်း ။ ။ အမယ်... အမယ်... ကဲ သတင်းဆိုးဆိုတာကရော။

ဦးကြွက် ။ ။ သတင်းဆိုးဆိုတာကတော့ လာမယ့်စနေနေ့ ကစားမယ့်ပွဲစဉ်မှာ ခင်ဗျားကို ထည့်ထားတာပဲ။

❖

mgyoe.com

mgyoe.com



# ဦးနှောက်မရှိလည်း ဖြစ်ပါတယ်

ကိုကြွက်တစ်ယောက် ကံကြမ္မာ မျက်နှာသာပေးလို့ အမေရိကန်နိုင်ငံကို ရောက်သွားပါတယ်။ ဟိုမြို့လည်း၊ ဒီမြို့သွားနဲ့ နောက်ဆုံး ခရီးတစ်ထောက်အဖြစ် နယူးယောက်ရွှေမြို့တော်ကြီးကို ရောက်သွားပါတယ်။ နယူးယောက်မှာ ဟိုလည်ဒီလည် လည်ရင်းနဲ့ တစ်ရက်ဟိုတယ်အပြန်မှာ တော်တော်နောက်ကျသွားပါတယ်။ ခပ်မှောင်မှောင် လမ်းကြားတစ်ခုကိုဖြတ်ပြီး ဟိုတယ်ဆီ လျှောက်လာနေတုန်း သူ့ခေါင်းကို သေနတ်တစ်လက် လာထောက်ပါတယ်။ ဟုတ်ပါတယ်၊ ကိုကြွက် အလုခံရပါပြီ။

လူဆိုး ။ ။ ကဲ... သူငယ်ချင်း ငြိမ်ငြိမ်နေ၊ ရုတ်ရုတ်သဲသဲမလုပ်နဲ့။ ရှိတဲ့

mgyoe.com

mgyoe.com


ပိုက်ဆံအကုန်ထုတ်။ မထုတ်
ရင်တော့ မောင်ရင့်ဦးနှောက်တွေ
ပွင့်ထွက်ကုန်မယ်သာ အောက်
မေ့။

ကိုကြွက်ပဲ၊ ဘာရမလဲ။ မြန်မာပြည်မှာ နာမည်
တစ်လုံးနဲ့ နေတာကိုး။ ခုလို ပြန်ပြောလိုက်ပါသတဲ့။

ကိုကြွက် ။ ။ ပစ်ချင်လည်းပစ်သူငယ်ချင်း။
မင်းကို တစ်ပြားမှ မပေးနိုင်ဘူး။
နယူးယောက်ဆိုတာက ဦး
နှောက်မရှိဘဲ နေလို့ရပေမဲ့ ပိုက်
ဆံမရှိဘဲ နေလို့မရတာ မင်း
လည်း အသိ၊ ငါလည်းအသိ။

❖

mgyoe.com

mgyoe.com


## အိမ်မိနီးချင်း

မြက်ရိတ်စက်ပြင်တဲ့ဆိုင်မှာပါ။ ဆိုင်ပိုင်ရှင်နဲ့ စက်လာရွေးသူတို့ အပြန်အလှန် စကားပြောနေကြပါတယ်။

ဆိုင်ပိုင်ရှင် ။ ။ အကုန်ကောင်းသွားပြီ၊ ဘာမှ ထပ်လုပ်စရာမလိုတော့ဘူး။ လိုတဲ့ပစ္စည်းတွေလည်း အသစ်လဲထားပြီးပြီ၊ တစ်ခုပဲ။

ရွေးသူ ။ ။ ဟုတ်ကဲ့ဆရာကြီး၊ ပြောပါ။

ဆိုင်ပိုင်ရှင် ။ ။ တစ်ခုပဲ... ခင်ဗျား သတိထားရမှာက နောက်ကို ဒီလိုစက်မျိုး ဘယ်တော့မှ အိမ်နီးချင်းတွေကို မငှားပါနဲ့။ အဲဒါတော့ ကြပ်

mgyoe.com

ကြပ်သတိပြု။

ရွေးသူ ။ ။ ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်က အိမ်နီးချင်းပါ။ ပိုင်ရှင်မအားလို့ သူ့ကိုယ်စား လာရွေးပေးတာပါ။

mgyoe.com

mgyoe.com



## အပြစ်မရှိသူကြီး


တရားသူကြီး ။ ။ ကဲ... တရားခံမောင်ဟုတ်ဟာ... မတ်တတ်ရပ်စမ်း မင်းကို အမိန့်ချတော့မယ်။

ငွေလိမ်လည်မှုနဲ့ တရားစွဲခံထားရတဲ့ မောင်ဟုတ်ဟာ မျက်နှာလေးငယ်ငယ်နဲ့ မတ်တတ်ထရပ်လိုက်ပါတယ်။

တရားသူကြီး ။ ။ မောင်မင်းကို ကုမ္ပဏီက ငွေလိမ်လည်မှုနဲ့ တရားစွဲထားတယ်။ သို့သော် အမှုသွား အမှုလာကို သေချာစစ်ကြည့်လိုက်တော့ ဒီငွေတွေကို မောင်မင်း လိမ်တာမဟုတ်ဘူးဆိုတာ တွေ့ရတယ်။ ဒါကြောင့်

mgyoe.com

mgyoe.com

မောင်မင်းကို တရားသေလွှတ်လိုက်တယ်။ ကဲ… ရုံးတော်ကို မောင်မင်း ဘာများပြောစရာရှိပါသေးလဲ။

ကိုဟုတ္တာ ။ ။ (မျက်နှာဝင်းထိန်သွားရင်း) တစ်ခုပါပဲ တရားသူကြီးမင်း… ပိုက်ဆံတွေကို ကျွန်တော် ဆက်ယူထားလို့ ဖြစ်တယ်မဟုတ်လား။

❖

mgyoe.com

mgyoe.com


## ကျေးဇူးတင်ချင်တဲ့အချက်

ဆရာမ ။ ။ ခရစ္စမတ်ကာလမှာ မင်းတို့ ဘာကို ကျေးဇူးအတင်ချင်ဆုံးလဲ။ တစ်ယောက်စီ ထပြောကြစမ်း။

တပည့် ။ ။ ဟုတ်ကဲ့ပါဆရာမ... ခရစ္စမတ်ကာလမှာ ကျေးဇူးအတင်ချင်ဆုံးက ကျွန်တော် ကြက်ဆင်မဟုတ်ဘဲ လူဖြစ်နေတာကိုပါပဲ။

❖

mgyoe.com

mgyoe.com

# ဒုတိယရှိသေးတယ်

ဆရာမ ဒေါ်ကကြီး ဆယ်တန်းကျောင်းသားတွေကို သမိုင်းသင်ပေးနေပါတယ်။ သမိုင်းသင်ပေးရင်းနဲ့ သိသင့်သိထိုက် မှတ်သင့်မှတ်ထိုက်တာတွေကိုလည်း ကြားညှပ်ပြီး ပြောပြောပြပါတယ်။ တစ်ရက်မှာ သူ့အတန်းသားတွေကို ဒေါ်ကကြီးက အခုလိုပြောပါတယ်။

ဒေါ်ကကြီး ။ ။ မင်းတို့သိထားဖို့က လူတစ်ယောက်အနေနဲ့ ဘယ်တော့မှ ပထမဆိုတာကို အမြဲမရနိုင်ဘူး။ ဒုတိယဖြစ်သွားရတဲ့ အခါတွေလည်းရှိသေးတယ်။ စိတ်ဓာတ်မကျကြဖို့ပါ။

mgyoe.com

mgyoe.com


အဲဒီလိုပြောအပြီးမှာ နောက်ဘက်ခုံတန်းက ကျောင်းသားတစ်ယောက် လက်ထောင်ပြတော့ ဒေါ်ကကြီးက ပြောခွင့်ပြုလိုက်ပါတယ်။

ကျောင်းသား ။ ။ ဆရာပြောတဲ့စကားကို ကျွန်တော် သဘောမတူပါဘူး။

ဒေါ်ကကြီး ။ ။ ဟုတ်ပြီ၊ ပြောပါ။

ကျောင်းသား ။ ။ လူ့ဘဝမှာ ပထမအမြဲရတဲ့သူ တစ်ယောက်လည်း ရှိပါသေးတယ်။

ဒေါ်ကကြီး ။ ။ ပြောပါ။

ကျောင်းသား ။ ။ ဂျော့ဝါရှင်တန်ပါ။ ဝါရှင်တန်ဟာ အမေရိကန်ရဲ့ ပထမဆုံးသမ္မတ၊ စစ်ဆင်စစ်တိုက်ရာမှာလည်း သူပထမ၊ ငြိမ်းချမ်းရေးဖော်ဆောင်တော့လည်း သူပဲပထမ၊ အမေရိကန်ပြည်သူတွေရဲ့ နှလုံးသားမှာ ပထမနေရာပေးခြင်း ခံရတာလည်း သူ။

ဒေါ်ကကြီး ။ ။ ဟုတ်ပြီ။

mgyoe.com

mgyoe.com


ကျောင်းသား ။ ။ အဲဒီတော့ ဆရာမပြောတဲ့ လူ
တစ်ယောက်ဟာ အမြဲတမ်း
ပထမမရနိုင်ဆိုတာ။

ဒေါ်ကကြီး ။ ။ မင်း ဂျော့ဝါရှင်တန်ရဲ့ အိမ်
ထောင်ရေးအကြောင်းသိလား။

ကျောင်းသား ။ ။ ဆရာမ... ဂျော့ဝါရှင်တန်ရဲ့
အိမ်ထောင်ရေးနဲ့ ပထမ
ဘာယ်လိုဆိုင်။

ဒေါ်ကကြီး ။ ။ ဂျော့ဝါရှင်တန် ယူထားတာ
မုဆိုးမကွဲ့ ကလေးရဲ့။

❖

mgyoe.com

mgyoe.com


# ကောင်းလိုက်တဲ့အကြံ

ဦးကကြီးဟာ အလွန်မေ့တတ်သူပါ။ ဒါကြောင့် မမေ့အောင် ဘယ်လိုလုပ်ရမလဲလို့ ကြံစည်တွေးတော ရင်းနဲ့ တစ်နေ့မှာ နည်းလမ်းတစ်ခု သွားတွေ့ပါတယ်။ အဲဒါကတော့ ခေါင်းထဲပေါ်လာတဲ့ အကြံအစည်၊ စိတ်ကူးစိတ်သန်းတွေကို စာရွက်နဲ့ ရေးမှတ်ထားဖို့ပါ။ ဒီအကြံရရချင်းပဲ ဦးကကြီးဟာ သူ့ခေါင်းထဲ ပေါ်သမျှတွေကို စာရွက်လွတ်ပေါ်မှာ ရေးမှတ်ထားလိုက်တော့ တာပါပဲ။ သူ့ဘာသာသူလည်း ကျေနပ်လွန်းလို့ တပြုံးပြုံးနဲ့ပေါ့လေ။ ခေါင်းထဲမှာမေ့နေရင် စာရွက်ကို ပြုံးကြည့်လိုက်ရုံပဲကို။ ဒါပေမဲ့ တစ်ရက်မှာတော့ ဦးကကြီး ဒုက္ခလှလှတွေ့ရပါတော့တယ်။ ပြဿနာက သူ ရေးမှတ်ထားတဲ့ စာရွက်တွေကို ဘယ်မှာထားမိမှန်း မသိတော့တာပါပဲ။

❖

mgyoe.com

mgyoe.com


## ကြောင်ဆေးပင် စိုက်ရမယ့်နေရာ

ကျွန်တော့်အိမ်နီးချင်း ကိုခငှကွေးဟာ ပန်းအလှ ပင်စိုက်တာ ဝါသနာပါပါတယ်။ သူ့အိမ်ရှေ့ မြေကွက်လပ်ဟာ ပန်းရောင်စုံဖူးပွင့်ပြီး ကိုခကွေးအရိပ်တကြည့်ကြည့်နဲ့ပေါ့။ ဒါပေမဲ့ သူ သာယာကြည်နူးမှုဟာ သိပ်မခံလိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘေးအိမ်က ကြောင်တွေက သူ့ပန်းအလှပင်တွေကို လာလာပြီး ဖျက်ဆီးလို့ပါပဲ။ တစ်နေ့ ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်မှာတွေ့တော့ ဒီကိစ္စကို သူ ညည်းညူရှာတယ်။

ကျွန်တော် ။ ။ ကိုခကွေးအတွက် အင်မတန်ကောင်းတဲ့ အကြံတစ်ခုပေးမယ်။

ကိုခကွေး ။ ။ လုပ်ပါဦး သူငယ်ချင်းရာ။

ကျွန်တော် ။ ။ ကျွန်တော့်ဆိုင်က ကြောင်ဆေးပင်မျိုးစေ့တွေဝယ်။

mgyoe.com

mgyoe.com


ကိုခကွေး ။ ။ ဟာ... မင်းကလည်း ကြောင်တွေကြောင့် ငါ့ပန်းခြံ ပျက်စီးရပါတယ်ဆိုမှ။

ကျွန်တော် ။ ။ မဟုတ်ဘူးလေ ဆရာရယ်။ ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပါဦး။ အဲဒီ ကြောင်ဆေးပင်မျိုးစေ့တွေကို ဝယ်ပြီး ခင်ဗျား အိမ်နီးချင်း မသိအောင် ခြံစည်းရိုးကျော်ပြီး တိတ်တိတ်လေး သူ့ခြံထဲ လှမ်းကြဲပေး။

ကိုခကွေး ။ ။ ဟုတ်ပါ့မောင်ရာ။

ကျွန်တော့်အကြံအတိုင်း သူလုပ်လိုက်တာ နောက်ပိုင်းမှာ ကြောင်တွေ သူ့ခြံထဲဝင်၊ ပန်းခြံကို ဖျက်ဆီးတယ်ဆိုတာ တစ်ခါမှ မကြားရတော့ဘူး။ ကျွန်တော့်ဆိုင်ကလည်း ရောင်းလိုက်ရတဲ့ ကြောင်ဆေးပင်မျိုးစေ့တွေ၊ ကိုခကွေး လာဝယ်တာမှ ခဏ၊ ခဏ။

* ကြောင်ဆေးပင် = ကြောင်များအတွက် ဆေးဖက်ဝင်ပြီး ၎င်းတို့ အလွန်နှစ်ခြိုက်သည့်အပင် ဖြစ်သည်။

❖

mgyoe.com

mgyoe.com

## တော်လိုက်တဲ့ရှေ့နေ

တရားသူကြီး ။ ။ ကဲ... သူငယ် မင်း လျှောက်လဲချင်တာ ဘာရှိသေးသလဲ။

တရားခံ ။ ။ အထွေအထူးတော့ မပြောချင်တော့ပါဘူး တရားသူကြီးမင်း။ ကျွန်တော့်ရှေ့နေကိုသာ လဲပေးပါ။

တရားသူကြီး ။ ။ ဟဲ့... ဘာဖြစ်လို့လဲ မောင်မင်း ဒီရှေ့နေက...

တရားခံ ။ ။ မှန်ပါ တရားသူကြီး။ အစိုးရက ငှားပေးတဲ့ ဒီရှေ့နေဟာ ကျွန်တော့်အမှုကို လုံးလုံးစိတ်မဝင်စားပါဘူး။

တရားသူကြီး ။ ။ ဟေ... ဟုတ်လား။ ကဲ... ကဲ... ကဲ ရှေ့နေကြီးကရော ဘာပြော

mgyoe.com

mgyoe.com




ချင်သေးလဲ။

တရားခံရှေ့နေ။ ။ ခင်ဗျာ... ဘာကိုမေးတာပါလဲ

တရားသူကြီးမင်း။ ဘာတွေပြော
နေကြမှန်း ကျွန်တော် နားမထောင်
လိုက်မိလို့ပါ။

❖

mgyoe.com



## လစာတိုးလိုချင်ရခြင်းအကြောင်းရင်း

အလုပ်ရှင် ။ ။ မင်းကို ငါ ပြီးခဲ့တဲ့သုံးလကတင် လစာတိုးပေးထားတာပဲ။ ဘယ့်နှယ် ထပ်လိုချင်နေရပြန်တာလဲ။

အလုပ်သမား။ ။ ဟုတ်ကဲ့... ကုန်ဈေးနှုန်းနဲ့ ကျွန်တော့်မိန်းမရဲ့ မာန်မဲကြိမ်းမောင်းတဲ့အသံက သည်းမခံနိုင်လောက်အောင် မြင့်တက်လာလို့ပါ။

❖

mgyoe.com

mgyoe.com


# သုံးနာရီ ကြာမယ်ထင်လို့ပါ

ကိုကကြီးတစ်ယောက် အလုပ်ဆင်းချိန်က ညနေ ငါးနာရီ။ ဒါပေမဲ့ ဆရာသမားက အိမ်တန်းမပြန်သေးဘူး။ အလုပ်နားက ဘီယာဆိုင်မှာ ဝင်ထိုင်၊ နှစ်ခွက် သုံးခွက်မော့ပြီးမှ အိမ်ပြန်။ အိမ်ရောက်တော့ ညရှစ် နာရီရှိပြီ။ သူပြန်ရောက်တော့ ဇနီးဖြစ်သူက ညစာ ပြင်ဆင်ပြီးစောင့်နေတာကို ဘာစကားတစ်ခွန်းမှမပြော ဘဲ အိပ်ရာထဲဝင်။ အိပ်လို့ကောင်းတုန်း မနက်ငါးနာရီ မှာ နှိုးစက်သံကြောင့် လန့်နိုး။

ကိုကကြီး ။ ။ ဟ...ဟ... နာရီကို ဘယ်သူ နှိုးစက်ပေးထားတာလဲ။

ဇနီး ။ ။ ကျွန်မ ပေးထားတာလေ။

ကိုကကြီး ။ ။ မင်း အိပ်လို့ကောင်းတုန်း ဘယ့်

mgyoe.com

mgyoe.com



နှယ် မနက်ငါးနာရီကြီး နှိုးစက်ပေးထားတာလဲ။

ဇနီး ။ ။ ရှင့်အလုပ်က ငါးနာရီဆင်းတာ အိမ်ကို ပြန်ရောက်တော့ ရှစ်နာရီ။ အလုပ်ကနေ အိမ်ရောက်ဖို့ သုံးနာရီကြာတယ်ဆိုတော့ အိမ်ကနေ အလုပ်ကိုသွားတာလည်း သုံးနာရီကြာမယ်ထင်ပြီး နှိုးစက်ပေးထားလိုက်တာလေ။

❖

mgyoe.com

mgyoe.com



# ပိုင်လိုက်တဲ့အကြံ

ဒေါ်ကကြီးတစ်ယောက် အိမ်ဖော်လိုချင်တယ်ဆိုပြီး သတင်းစာထဲမှာ ထည့်ထားတာ တစ်ပတ်ရှိပါပြီ။ ဘယ်ကမှ ဖြေတာပြုတာမျိုးမရှိပါဘူး။ ဒါပေမဲ့ ၁၀ ရက်လောက်လည်းကြာရော ဖြူဖြူချောချော အမျိုးသမီးငယ်တစ်ယောက် အလုပ်လာလျှောက်ပါတယ်။ ဒါကြောင့် ဒေါ်ကကြီးလည်း ဝမ်းမြောက်ဝမ်းသာနဲ့ အလုပ်ခန့်လိုက်တာပေါ့။ အလုပ်ခန့်လိုက်တဲ့နေ့မှာပဲ အဲဒီမိန်းကလေး ဒေါ်ကကြီးအခန်းကို ရောက်လာပါတယ်။ ဒေါ်ကကြီး အပျိုကြီးတစ်ယောက်တည်း နေနေတာလေ။ ဒါပေမဲ့ မိန်းကလေးဟာ ဒေါ်ကကြီး အိမ်အလုပ်တွေလည်း လုပ်ပြီးရော စောစောစီးစီးပဲ အိပ်ရာဝင်သွားပါတယ်။ ဒေါ်ကကြီးလည်း "ဩော် ဒီမိန်း

mgyoe.com

mgyoe.com

ကလေး အလုပ်ပင်ပန်းလို့ထင်တယ်" ဆိုပြီး ဘာမှ မေးမနေပါဘူး။ ဒါပေမဲ့ နောက်တစ်နေ့ မနက်လည်း မိုးလင်းရော အဲဒီမိန်းကလေး သူ့အထုပ်အပိုးတွေ ပြင်နေတာ တွေ့ရတယ်။ ဒေါ်ကြီးလည်း စိတ်ထဲ တစ်မျိုးဖြစ်သွားတာပေါ့။ ဘာဖြစ်ပါလိမ့်ဆိုပြီး။ ဒါနဲ့ ဘာကြောင့်ဘယ်လိုဆိုတာကို မေးရပါတယ်။

ဒေါ်ကြီး။ ။ ဟဲ့... သူငယ်မ ဘာများ မကျေနပ်တာရှိလို့ တစ်ရက်ပဲလုပ်ပြီး ထွက်ရတာလဲ။

အိမ်ဖော် ။ ။ ဟုတ်ကဲ့... ကြီးကြီးကို အမှန်အတိုင်းဝန်ခံစရာရှိပါတယ်။

ဒေါ်ကြီးလည်း စိတ်ထဲ စနိုးစနောင့်ဖြစ်လာပါတယ်။ ဘာများပါလိမ့်လဲပေါ့။

ဒေါ်ကြီး။ ။ ကဲ... ပြော... ပြော... ကလေးမ အားမနာပါနဲ့။ လခနည်းလို့လား၊ ဒါမှမဟုတ်...

အိမ်ဖော် ။ ။ ဘာ့ကြောင့်မှ မဟုတ်ပါဘူး ကြီးကြီး။ ကျွန်မ ဒီနေ့ ရွာပြန်မှာပါ။ အဲဒါ မနေ့က တစ်ညဘယ်မှာအိပ်ရမယ်မသိဘဲ ဖြစ်နေတုန်း ကြီးကြီး လူလိုတယ်

mgyoe.com

mgyoe.com


ကြော်ငြာတွေလို့ လာလျှောက်
တာပါ။ ကြီးကြီး ဘယ်လိုမှ
မအောက်မေ့ပါနဲ့။

❖

mgyoe.com



## မှားပါတယ်(၁)

မနက်စာစားချိန်မှာ ကျွန်တော့်အဘွားဟာ သူ့ရင်ထဲရှိတာတွေကို အန်ချထုတ်ပြောလေ့ရှိပါတယ်။ တစ်မနက် မနက်စာစားချိန်မှာပေါ့။ အဲ့ဘိုးကို လှမ်းပြောပါတယ်။

အဘွား ။ ။ ရှင်ဟာ ကျွန်မ တစ်ခုခုပြော
လိုက်ရင် လိုက်ပြီး အမှားပြင်
ပေးနေကျ။ ကျွန်မမို့လို့ တစ်ခုခု

mgyoe.com

mgyoe.com




မပြောလိုက်၊ မလုပ်လိုက်နဲ့၊ ရှင်က ဝင်ပြင်ပေးလိုက်ပြီ။ မင်းဟာက ဒီလိုမဟုတ်ဘူး ဟိုလို၊ ဟိုလိုမဟုတ်ဘူး ဒီလိုနဲ့။ အဲဒီလိုလုပ်လာခဲ့တာ ရှင်နဲ့ကျွန်မ အိမ်ထောင်သက်တမ်း ရှစ်နှစ်မှာ နေ့တိုင်းလိုလိုပဲ။

အဘိုး ။ ။ မဟုတ်ပါဘူး ရှင်မရယ်၊ မင်းနဲ့ငါ အိမ်ထောင်သက်တမ်းက ၅၈ နှစ် ရှိသွားပါပြီ။

❖

mgyoe.com

mgyoe.com

## မှားပါတယ်(၂)

ကိုကြွက်ဟာ အလွန်မေ့တတ် မှားတတ်သူပါ။ သူ့ဇနီး မကြွက်ဟာလည်း အဲဒီအတွက် စိတ်ပူရပေါင်း များပါပြီ။ ကိုကြွက်က သတင်းသမားဆိုတော့ ခရီးလည်း မကြာခဏသွားရပါတယ်။ ဟိုသတင်းလိုက်ရ၊ ဒီသတင်းလိုက်ရနဲ့ မုံရွာဘက်သွားလိုက်၊ မော်လမြိုင်ဘက် သွားလိုက် တစ်နိုင်ငံလုံးအနှံ့ သွားနေရတာပါ။ တစ်နေ့မှာ ကိုကြွက် မန္တလေးသွားဖို့ ရှိပါတယ်။ မကြွက်ကလည်း ဘူတာလိုက်ပို့တာပေါ့။

ကိုကြွက်ဟာ အလွန်မေ့တတ်သူဖြစ်တော့ အဲဒီ

mgyoe.com

mgyoe.com


နေ့ကလည်း ခရီးသွားရမှာကိုမေ့ပြီး မြို့ထဲသွားနေတာ ကြောင့် ဘူတာကို နောက်ကျမှ ရောက်ပါတယ်။ ဘူတာရောက်တော့ ရထားက အရှိန်ရစပြုနေပါပြီ။ ဒါနဲ့ ကိုကြွက်လည်း သူ့လက်ဆွဲအိတ်ကို လက်တစ်ဖက်က ဆွဲ၊ ကျန်လက်တစ်ဖက်က လက်ကိုင်ဖုန်းတွေ၊ ကင်မရာတွေ၊ မှတ်စုစာအုပ်တွေ ထည့်ထားတဲ့အိတ်ကို ဆွဲပြီး ရှေ့ကလူတွေကို အတင်းဖယ် ကျော်တက်ရတာပေါ့။ သူ တွန်းတိုက်ပြီး အဖယ်ခံရတဲ့လူတွေကလည်း ကိုကြွက်ကို မေတ္တာပို့။ ဒါပေမဲ့ ကိုကြွက်ကတော့ မဖြုံပါဘူး။ ရထားမိဖို့ အရေးကြီးတာကိုး။ ရထားနားလည်းရောက်ရော ပွင့်နေတဲ့ ပြတင်းပေါက်ကနေ ကိုကြွက်တစ်ယောက် သူ့လက်ဆွဲအိတ်ကို ပစ်တင်၊ ပြီးတော့ ရထားပေါ်ကို ကမူးရှူးထိုးနဲ့ လှမ်းခုန်တယ်။ နေရာလွတ်တွေ့တော့ဝင်ထိုင်။ ထိုင်လို့မှ အမောမပြေသေးဘူး။ ကိုကြွက် ဆို့စရာ ကြုံလိုက်ရပါတယ်။

တခြားတော့ မဟုတ်ပါ။ ကိုကြွက် မောကြီး ပန်းကြီးနဲ့ ပြေးလွှားပြီး မရအရ ခုန်ခက်တက်ကာ နေရာယူလိုက်ရတဲ့ ရထားက ထွက်မယ့်ရထားမဟုတ်ဘဲ ဆိုက်လာတဲ့ရထား ဖြစ်နေခြင်းပါပဲ။

❖

mgyoe.com

mgyoe.com

## ဘယ်သူပါလိမ့်

၁၀ နှစ်အရွယ် သားငယ်နဲ့ သူ့မိခင်တို့ မိသားစု ဓာတ်ပုံတစ်ပုံကို ကြည့်နေကြပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ရိုက်ထားတာပါ။ ကလေးက အငယ်ဆုံးဖြစ်ပြီး သူ့အထက်မှာ အစ်ကိုနဲ့ အစ်မ တစ်ယောက်စီ ရှိပါသေးတယ်။

သားငယ် ။ ။ မေမေ... မေမေ ဒီဓာတ်ပုံထဲမှာ မေမေ့ကို ဖက်ထားတဲ့ ဆံပင်ကောက်ကောက်၊ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်နဲ့ ပြုံးနေတဲ့သူက ဘယ်သူလဲ။

မေမေ ။ ။ ဟဲ့... သား အဲဒါ မင်းရဲ့အဖေပေါ့ကွယ်။

mgyoe.com

mgyoe.com


သားငယ် ။ ။ ဟင်... အဲဒါဆို အခု သားတို့နဲ့ အတူတူနေနေတဲ့ ထိပ်ပြောင်ပြောင်၊ ဗိုက်ရွှဲရွှဲလူကြီးက ဘယ်သူလဲမေမေ။

❖

mgyoe.com

mgyoe.com





## အသွားနဲ့အပြန်

ကိုကြွက်အိမ်နဲ့ ဘီယာဆိုင်က ၁၀ မိနစ်လောက် လျှောက်သွားရင် ရောက်ပါတယ်။ သို့သော်လည်း ဘီယာဆိုင်က အိမ်အပြန်ကိုတော့ ကိုကြွက်တစ်ယောက် နှစ်နာရီလောက် အချိန်ယူရပါတယ်။

❖

mgyoe.com

mgyoe.com



## စိတ်ချရသူ

ကိုကြွက်မှာ နှမလေးတစ်ယောက်ရှိပါတယ်။ အဲဒီနှမလေး ဟိုဟိုဒီဒီ သွားစရာဘာညာရှိရင် ကိုကြွက်မိဘတွေက သူတို့သမီးရဲ့ကျောင်းက စစ်တုရင်ချန်ပီယံနဲ့ဆို စိတ်ချပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီပုဂ္ဂိုလ်က တစ်ခါလှုပ်ရှားဖို့ (စစ်တုရင်ရွှေ့ဖို့) အချိန်သုံးနာရီလောက် ယူတတ်လို့ဖြစ်ပါတယ်။

❖

mgyoe.com